ပုံစံ(၁၁)

## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၈/၂၀၁၅)

| | |
|---|---|
| ဒေါ်လီရှင်းဖိန်(MD)<br>Silver Lion Industrial Co.,Ltd၊<br>အမှတ်(၃၆)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊<br>စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးမျိုးသက်စိုးပါ(၇)ဦး<br>အလုပ်သမား(၄၂)ဦးကိုယ်စား<br>အခန်းအမှတ်(၁၅)၊ ရွှေညောင်ပင်လမ်း၊<br>ပန်းနုနုဝေအဆောင်၊ တောင်ကြီးလေးရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

- ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုဇုန်၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ အမှတ်(၃၆)ရှိ Silver Lion Industrial Co.,Ltd (MD) ဒေါ်လီရှင်းဖိန်နှင့် အလုပ်သမား ဦးမျိုးသက်စိုးပါ(၇)ဦးတို့ ဖြစ်ပွားကြသောအငြင်းပွားမှုကို လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက် သော်လည်းပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံး ဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၉၆/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် လုပ်ခလစာတိုးမြှင့် တောင်းဆိုသည်မှဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၂)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၂)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ငွေခြေသော့ဖိုက်ဘာဂလပ်စက်ရုံတွင် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလလစာတွက်ရာ မူလဒေးကြေး ၃၆၀၀/-မပြည့်မီသော သူများအား ၃၆၀၀/-တိုးမြှင့်ပေးသော်လည်း ကျန်ရက်မှန်ကြေး(ရက်ပြည့်)၊ ရှာပါးစရိတ်၊ ထောက်ပံ့ကြေး၊ ဆုကြေး စသည့်တိုင်များတွင် ပေးထားသောငွေများကို လျှော့ချခြင်းမှာ ဖြစ်သင့်/မဖြစ်သင့်၊ ထို့ပြင် နေ့တွက် ၃၆၀၀/- အပြင် ယခင်ပေးထားသည့် ရက်မှန်ကြေး၊ ကျွမ်းကျင်ကြေး၊ ထောက်ပံ့ကြေး၊ ဆုကြေး စသည့်တိုင်များအတိုင်းဆက်ပေးသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ လစာထုတ်ရာတွင် ပေးထားသည့် နေ့ကြေးများအနက် ၃၆၀၀/- ပြည့်မီခြင်းမရှိသောအလုပ်သမားများအားလုံးအား တစ်နေ့ ၃၆၀၀/- ပြည့်အောင်ဖြည့်ပေးရန်နှင့် မူလပေးထားသည့်ရက်မှန်ကြေး(ရက်မှန်ကြေး)၊ ရှားပါးစရိတ်၊ ထောက်ပံ့ကြေး၊ ဆုကြေး တို့ကိုမူယခင်ပေးထားမြဲအတိုင်းပေးရန် ဆုံးဖြတ်သည်။

**ကောက်ချက်အမှတ်(၂)။** အလုပ်သမားများ ထပ်မံတောင်းဆိုသည့် ကျွမ်းကျင်ကြေးနှင့် နှစ်ကြေးတို့ ရသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၂)။** အလုပ်သမားများမှ တောင်းဆိုသည့် နှစ်ကြေးကို လုပ်ခ၏ ၃% အစား၊ အခြေခံလစာ၏၁% ကိုနှစ်ကြေး(နှစ်တိုး)အဖြစ် လုပ်သက်အလိုက် လစဉ်ပေးရန်ဆုံးဖြတ်သည်။ ကျွမ်းကျင်ကြေးကိုမူ ကျွမ်းကျင်မှုအလိုက် ရာထူးခွဲခြားပေးရသည်ဖြစ်ရာ ခွဲခြားပေးထားမှုရှိသဖြင့် ယခုတောင်းဆိုမှုကို ပေးရန်မလိုအပ်သေးဟု ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၉၆/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှု
မရှိသဖြင့် Silver Lion Industrial Co.,Ltd (MD) ဒေါ်လီရှင်းဖိန်မှ ခုံသမာဓိကောင်စီသို့
အယူခံလျှောက်ထားလာသဖြင့်အလုပ်သမားအလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ ခုံသမာဓိ
ကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၃၈/၂၀၁၅)ဖြင့်ခုံသမာဓိကောင်စီအမှုအမှတ်(၅၈/၂၀၁၅) အား
ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေ
ရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထာ
များ၊ စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်
လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** ငွေခြုံသေ့ဖိုက်ဘာဂလပ်စက်ရုံတွင် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ
လစာမှစတင်၍ Day ကြေး ၃၆၀၀ ကျပ်မပြည့်မီသောသူများအား
၃၆၀၀ ကျပ်သို့ တိုးမြှင့်ခံစားခွင့်ပြုထားသော်လည်း ရက်မှန်ကြေး
ရှားပါးစရိတ်၊ ထောက်ပံ့ကြေး၊ ဆုကြေးစသည့်ခံစားခွင့်များကို ပေး
မြဲအတိုင်းပေးရန် သင့်/မသင့်။

**သုံးသပ်ချက်အမှတ်(၁)။** Day ကြေး ၃၆၀၀ ကျပ်ကိုပြည့်မီခြင်းမရှိသော လုပ်သားအားလုံး
တို့အား ၃၆၀၀ ကျပ်ပြည့်မီအောင် ၂၀၁၅ ခုနှစ် စက်တင်ဘာလ၊
အောက်တိုဘာလ လစာများတွင် ဖြည့်ဆည်းပေးပြီးဖြစ်သည်။ ပိုင်
ရှင်အနေဖြင့် မူလပေးထားသော ရက်မှန်ကြေး၊ ရှားပါးစရိတ်၊
ထောက်ပံ့ကြေး၊ ဆုကြေးများကိုမူ ကုမ္ပဏီ၏လက်ရှိလုပ်ငန်းလည်
ပတ်မှုအရ ခံစားခွင့်ပြုရန် မဖြစ်နိုင်ကြောင်း လျှောက်ထားလွှာကို
တင်ပြခဲ့သည်။ စက်ရုံ၏ လုပ်ငန်းခွင်အခြေအနေသည် ပြင်းထန်
သော အလုပ်သမားရေးရာပဋိပက္ခများ မဖြစ်ပေါ်စေရန်အတွက်
ငွေခြုံသေ့အလုပ်သမား ဦးမျိုးသက်စိုး ဦးဆောင်သော အလုပ်သမား
ကိုယ်စားလှယ်များသည်အလုပ်ရှင်နှင့်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်
ခဲ့သော်လည်း ပြေလည်မှုမရရှိ၍ အဆင့်ဆင့်ဖြေရှင်းဆောင်ရွက်ခဲ့ရာ
ပြေလည်မှုမရှိ၍ ယခုကဲ့သို့ အလုပ်ရှင်မှ ခုံသမာဓိကောင်စီသို့ တင်
သွင်းလျှောက်ထားခဲ့ခြင်းဖြစ်သည်။

၄

အလုပ်သမားများ၏ ထွက်ဆိုတင်ပြချက်အရ လုပ်ငန်းခွင်
အခြေအနေနှင့် ခံစားခွင့်ရထိုက်/မရထိုက်အခြေအနေတို့ကို သိရှိနိုင်
ရန် အောက်ပါအတိုင်း စစ်ဆေးဖော်ထုတ်သိရှိခဲ့ရသည်မှာ -

အလုပ်သမားများသည် ဓါတုဗေဒပစ္စည်းများကို ကိုင်တွယ်လုပ်ကိုင်
ရခြင်း၊ အမှုန်အမွှားများကို နေ့စဉ်ရှုရှိုက်ဆောင်ရွက်ရခြင်း၊ ဖိုင်ဘာ
ထုတ်ကုန်ပစ္စည်းများကို ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ စက်ဧ
ဘော်ထိုးခြင်းများကိုဆောင်ရွက်ရကြောင်း၊ စက်ရုံမှထုတ်လုပ်လိုက်
သော ဖိုက်ဘာရေလှောင်ကန်များကို ဝယ်ယူသူများထံအရောက်
စိတ်တိုင်းကျဖြစ်စေရန် မြင့်မားသည့်ရေစင်များပေါ်သို့တက်ရောက်
တပ်ဆင်ရသဖြင့် အသက်အန္တရာယ်နှင့်နီးသော လုပ်ငန်းခွင်များဖြစ်
၍ မိမိတို့ လုပ်သားများတောင်းဆိုသော ထုတ်လုပ်မှုကြေးများကို
ခံစားခွင့်ပြုသင့်ပါကြောင်းတင်ပြခဲ့သဖြင့်လုပ်သားများ၏ တောင်
ဆိုချက်ကို အလုပ်ရှင်မှ ညှိနှိုင်းဖြည့်ဆည်းခံစားခွင့်ပြုသင့်ပြီး ဤ
စက်ရုံ၏ ကုန်ထုတ်လုပ်မှုတိုးတက်စေရေးနှင့် လုပ်ငန်းခွင်တည်
ငြိမ်အေးချမ်းသာယာရေးတို့ကို ရှေးရှုဆောင်ရွက်သင့်ကြောင်း သုံး
သပ်ပါသည်။

လုပ်သက်(၁၀)နှစ်ရှိ လုပ်သား(၆)ဦး (ဦးမျိုးမြင့်ဇော်၊ ဦး
အောင်နိုင်ဝင်း၊ ဦးကျော်မင်းထက်၊ ဦးအောင်အောင်ထွန်း၊ ဦး
မောင်၊ ဦးအောင်ဇော်ဦး)တို့သည် ထောက်ပံ့ကြေးနှင့် ထုတ်လုပ်မှု
ကြေးကို လျှော့ချခဲ့သဖြင့် နဂိုမူရင်းလစာထက် လျှော့နည်းသွားပြီး
ကျေနပ်မှုမရှိကြ၍ ယခုကဲ့သို့ တောင်းဆိုချက်ပေါ်ပေါက်လာသဖြင့်
မူလအတိုင်းခံစားခွင့်ပြုမှသာ လုပ်ငန်းခွင်တည်ငြိမ်ခြင်းရှိသွားမည်
ဟု သုံးသပ်တွေ့ရှိရသည်။

အထက်ပါထူးခြားသော ဝိသေသအခြေအနေများ ဤစက်ရုံ
တွင် ဖြစ်ထွန်းပေါ်ပေါက်နေသဖြင့် လုပ်သက်ရင့်ဝန်ထမ်း(၆)ဦးနှင့်
ပတ်သက်၍ ခံစားခွင့်များကို ပေးမြဲထက်မလျှော့နည်းစေဘဲ အလုပ်
ရှင်မှ ညှိနှိုင်းခံစားခွင့်ပြုမှသာ ကျေနပ်မှုရရှိသွားမည်ဟု သုံးသပ်
တွေ့ရှိရသည်။

အခြားသော လုပ်သက် (၁၀) နှစ်အောက် ဝန်ထမ်းများကလည်း စက်ရုံ၏ စီးပွားဖြစ်ထွန်းမှုနှင့် ရေရှည်ရပ်တည်နိုင်မှု အလားအလာများအပေါ်မူတည်၍ ခံစားခွင့်ပြုနိုင်ရန် အကြံပြုအပ်ပါသည်။

သို့သော်အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ ၁၇-၁-၂၀၁၄ ရက်စွဲ ပါအငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များ ညွှန်ကြားချက်အပိုဒ် ၄(ခ)၊ (၁) နှင့် (၂)အရ ဆောင်ရွက်ရန်ညွှန်ကြားချက်တွင် လုပ်ခလစာတိုးမြှင့်ခံစားခွင့်ပေးရေး နှင့် ဆက်နွယ်သည့် ကိစ္စရပ်များမှာ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ပိုင်ခွင့် အတွင်းမပါရှိသဖြင့် ယခုအငြင်းပွားမှုကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှလက်ခံကြားနာ စစ်ဆေးဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၉၆/၂၀၁၅) ဆုံးဖြတ်ချက်အမှတ်(၁) ကိုပယ်ဖျက်လိုက်သည်။

**ကောက်ချက်အမှတ်(၂)။** အလုပ်သမားများ ထပ်မံတောင်းဆိုသည့် ကျွမ်းကျင်ကြေးနှင့် နှစ်ကြေးတို့ ရသင့်/မသင့်။

**သုံးသပ်ချက်အမှတ်(၂)။** လုပ်ခလစာတိုးမြှင့်သတ်မှတ်ခြင်း၊ လျှော့ချသတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များမှာ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက် သဘောတူညီမှုသာအကောင်အထည်ဖော်ဆောင်ရွက်နိုင်သောကိစ္စဖြစ်ပါသည်။ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည်ပင်လျှင် လုပ်ခလစာသတ်မှတ်မှုကို အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံရေး၊ လူမှုရေးနှင့် ဥပဒေပညာရှင်များဘက်စုံဆွေးနွေးအတည်ပြုချက်ရယူဆုံးဖြတ်ခဲ့ရပါသည်။

ယင်းပြဿနာကိုခုံသမာဓိကောင်စီတစ်ဖွဲ့တည်းကသတ်မှတ်ဆုံးဖြတ်ရန် လျှော်ကန်သင့်မြတ်ခြင်း မရှိနိုင်ကြောင်း ကျွန်ုပ်တို့ခုံအဖွဲ့က သဘောတူသုံးသပ်တွေ့ရှိရသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ ၁၇-၃-၂၀၁၄ ရက်စွဲပါအငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့ ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များ ညွှန်ကြားချက်အပိုဒ် ၄(ခ)၊ (၁) နှင့် (၂)အရ ဆောင်ရွက်ရန်ညွှန်ကြားချက်တွင် လုပ်ခလစာတိုးမြှင့်ခံစားခွင့်ပေးရေး နှင့်ဆက်နွယ်သည့် ကိစ္စရပ်များမှာ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ပိုင်ခွင့်အတွင်းမပါရှိသဖြင့် ယခုအငြင်းပွားမှုကို ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့မှလက်ခံကြားနာစစ်ဆေးဆုံးဖြတ်ခဲ့ခြင်းမှာမူလကပင်မှားယွင်းချွတ်ချော်နေကြောင်း သုံးသပ်တွေ့ရှိရသည်။

သို့ဖြစ်၍ အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၂)။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အမှတ်(၂) ကိုပယ်ဖျက်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်

| | | |
|---|---|---|
| ဦးငြေးအောင် | ဦးသောင်းစိန် | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |